**Network for Democracy and Development**

**Documentation and Research Department**

**P.O Box 179, Mae Sod, Tak, 63110, Thailand. Phone: +66 (0) 89 267 8417.**
**E-mail: ndddrd@csloxinfo.com; ndddrd07@gmail.com**

# Burma's Weekly Political News Summary (080/2011)

# တစ်ပတ်အတွင်း မြန်မာ့နိုင်ငံရေးသတင်း အကျဉ်းချုပ် (၀၈၀/၂၀၁၁)

၂၀၁၁ ခုနှစ်၊ ဇူလိုင်လ (၃၁) ရက်နေ့မှ ၂၀၁၁ ခုနှစ် ဩဂုတ်လ (၀၆) ရက်နေ့အထိ

## ကြံ့ဖွံ့အစိုးရ

- ပြည်ထောင်စု အစိုးရက ပြည်နယ်များအား ၃ လကျော်လျှင် လုပ်ပိုင်ခွင့် အပြည့်ပေးမည်ဆိုသော်လည်း သက်တမ်း ရက်ပေါင်း ၁၂၀ ကျော်ပြီးသည့်တိုင် တိုင်းဒေသကြီးနှင့် ပြည်နယ် အစိုးရများ၏ လုပ်ပိုင်ခွင့်များမှာ မရရှိသေးဘဲ ဗဟိုကသာ ထိန်းချုပ်ထားဆဲဖြစ်သည်ဟု နိုင်ငံရေးပါတီများက ပြောသည်။ (Mizzima 020811) Read More...
- သမ္မတ ဦးသိန်းစိန်၏ စီးပွားရေးအကြံပေး ဒေါက်တာဦးမြင့်က အကျင့်ပျက်ခြစားမှု တိုက်ဖျက်ရေးအကြောင်းကို ဩဂုတ် ၃ ရက်နေ့က NDF ပါတီရုံး၌ ပြုလုပ်သည့် နိုင်ငံရေးသင်တန်းတွင် ဟောပြောခဲ့ကြောင်း NDF ပါတီ လွှတ်တော်ကိုယ်စားလှယ် ဦးမင်းအောင်က ပြောသည်။ (RFA 030811) Read More..., Irrawaddy..., Mizzima...
- စက်တင်ဘာ ၁၈ မှ ၂၄ ရက်နေ့အထိ ကျင်းပမည့် အာဆီယံ အမတ်များ ညီလာခံ (ASEAN Inter-Parliamentrary Assembly-AIPA) ၏ ၃၂ ကြိမ်မြောက် အထွေထွေ ညီလာခံသို့ အထက်လွှတ်တော် ဥက္ကဋ္ဌ ဦးခင်အောင်မြင့် ဦးဆောင်ပြီး အာဏာရ ကြံ့ခိုင်ဖွံ့ဖြိုးရေးပါတီနှင့် အတူ တိုင်းရင်းသား ပါတီအချို့မှ အမတ်များ သွားတက်မည်ဟု လွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေး ကော်မတီ ဥက္ကဋ္ဌ ဒေါက်တာအေးမောင်က ပြောသည်။ (Mizzima 050811) Read More...

## ကြံ့ဖွံ့ပါတီ

- ရန်ကုန် တောင်ဥက္ကလာပမြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ရန်ကုန်မြို့တော်ဝန်ဟောင်း ဦးအောင်သိန်းလင်း ဦးဆောင်သော ရန်ကုန်တိုင်း ကြံ့ဖွံ့ပါတီ USDP က တောင်ဥက္ကလာပ မြို့နယ် အတွင်းရှိ ပြည်သူများ မှတ်ပုံတင် ရရှိလိုပါက ငွေ ၁၀ ကျပ်ခန့်ဖြင့် မှတ်ပုံတင်ရရှိစေရန် USDP က အခမဲ့ ကူညီပေးသွားမည်ဖြစ်ကြောင်း ကြံ့ဖွံ့တံဆိပ်ပါ လက်ကမ်းကြော်ငြာများကို တောင်ဥက္ကလာပမြို့နယ်အတွင်း၌ လိုက်လံဝေငှနေသည်ဟု တောင်ဥက္ကလာပမြို့နယ် ၇ ရပ်ကွက်မှ ဒေသခံတစ်ဦးက ပြောသည်။ (Irrawaddy 010811) Read More...
- ၂၀၁၀ ရွေးကောက်ပွဲအနိုင်ရ နိုင်ငံတော်အကြီးအကဲများ ဦးဆောင် ထူထောင်ခဲ့သော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီကို အောက်ခြေပါတီဝင်များက ဖျက်ဆီးမှု ပြုလုပ်နေပြီဖြစ်ကြောင်း ရန်ကုန်တိုင်း ဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကျော်က ပြောကြားလိုက်သည်။ (DVB 030811) Read More...

**NDD- မှတ်တမ်းတင်နှင့်သုတေသနဌာန**

- လွန်ခဲ့သည့် ဇူလိုင်လအတွင်း ချင်းပြည်နယ် ထန်တလန်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးချစ်ကိုကိုက ဂန်ထမ်းတစ်နေရာအတွက် ဘွဲ့ရလူငယ်နှစ်ဦးထံမှ လဒ်စားခဲ့သဖြင့်ပြဿနာဖြစ်ပေါ်ခဲ့ရာ ကြံ့ဖွံ့ပါတီခေါင်းဆောင်များမှ ကြားဝင်ဖျန်ဖြေ ပေးရသည် ဟု ထန်တလန်မြို့ပေါ် မှ ဂန်ထမ်း တစ်ဦးက ပြောသည်။ (Khonumthung 030811) Read More...
- ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ (ကြံ့ဖွံ့ပါတီ)အနေဖြင့် အလုပ်အမှုဆောင်များကို လစာပေးနိုင်ရန်အတွက် ထိုင်းနိုင်ငံဘက်မှ မော်တော်ယာဉ် အစီးရေ ၅၀၀၀ တင်သွင်းခွင့်လိုင်စင်ရရှိထားသောကြောင့် ဇူလိုင် ၂၆ ရက်နေ့က အမျိုးအစား စုံလင်သောကားများ ရန်ကုန်သို့ စတင် ရောက်ရှိလာပြီ ဖြစ်ကြောင်း ရန်ကုန်တိုင်း ကြံ့ဖွံ့ပါတီ အလုပ်အမှုဆောင်တစ်ဦးက ပြောသည်။ (Irrawaddy 040811) Read More...
- အိမ်ထောင်ရေး အရှုပ်တော်ပုံတွင် မူးယစ်ဆေးဝါး လက်ဝယ်တွေ့ရှိမှုတစ်ခု ဖြစ်ပေါ် လာခဲ့ပြီးနောက် အာဏာရ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ USDP မှ ရှမ်းပြည်နယ် စီးပွားရေးနှင့် စီမံကိန်းဝန်ကြီး ဦးသောင်းရွှေသည် ဩဂုတ် ၂ ရက်နေ့က တာဂန်မှ နုတ်ထွက်ခြင်းနှင့်ပတ်သက်ပြီး နိုင်ငံပိုင် မြန်မာ့အလင်း သတင်းစာတွင်ပါရှိကြောင်း ဒေသခံများက ပြောသည်။ (Mizzima 040811) Read More...
- မြန်မာနိုင်ငံတွင် လက်ရှိအာဏာရပါတီ ပြည်ထောင်စုကြံ့ခိုင်ရေးဖွံ့ဖြိုးရေးပါတီ USDP အထွေထွေအတွင်းရေးမှူး ဦးဌေးဦးက ပါတီဝင်အချို့ကို ဆုချီးမြှင့်သည့်အနေဖြင့် ငွေထောက်ပံ့နေသည်ဟု ဩဂုတ် ၅ ရက်နေ့က ပြောကြားလိုက်သည်။ (Mizzima 050811) Read More…
- ကြံ့ခိုင်ဖွံ့ဖြိုးရေးပါတီ အနေဖြင့် မြန်မာ့ဒီမိုကရေစီ ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နှင့်တွေ့ဆုံရန် ရှိပြီး အချိန်ကာလကိုတော့ မသတ်မှတ်ရသေးကြောင်း ကြံ့ဖွံ့ပါတီ အထွေထွေ အတွင်းရေးမှူး ဦးဌေးဦးက ဩဂုတ် ၅ ရက်နေ့တွင် ပြောကြားလိုက်သည်။ (Mizzima 050811) Read More…

တပ်မတော်

(က) ရာထူးအာဏာခွဲဝေမှု

- မကြာသေးမီက ထွက်ပေါ်ခဲ့သည့် မြန်မာစစ်တပ်မှ ဗိုလ်ချုပ်ကြီးများ ဖြုတ်ထုတ် ခံရခြင်းသည် ပြည်သူအတွက်၊ တိုင်းပြည်အကျိုးအတွက် လုပ်ဆောင်မှုမျိုးမဟုတ်ဘဲ အချင်းချင်း အကျိုးစီးပွား အပြိုင်ဆိုင်လုကြရာမှဖြစ်ပေါ်လာကြောင်း တရုတ်-မြန်မာနယ်စပ်အခြေစိုက် စစ်ရေး လေ့လာသူ ဦးအောင်ကျော်ဇောက ပြောသည်။ (BBC 310711) Read More...
- စစ်တပ် ထိပ်တန်း အရာရှိကြီးများဖြစ်ကြသည့် ဗိုလ်ချုပ်တင်ဌေးနှင့် ဗိုလ်မှူးချုပ် ထွန်းသန်းတို့နှစ်ဦး ရာထူးမှ အငြိမ်းစားပေးခံလိုက်ရခြင်းသည် ရန်ကုန်မြို့တော်ဝန်ဟောင်း ဦးအောင်သိန်းလင်းနှင့် လက်ရှိ ရန်ကုန်မြို့တော်ဝန် ဦးလှမြင့်တို့အကြား အာဏာပြိုင်ဆိုင်မှုအပေါ် အခြေခံကြောင်း စစ်တပ်အသိုင်းအဝန်းတွင် ပြောဆိုနေကြသည်။ (Irrawaddy 030811) Read More...

(က) စစ်ဆင်ရေးများ

- သျှမ်းပြည်နယ်ရှိ တိုက်ပွဲမဖြစ်သေးသည့် အချို့ဒေသများတွင် ကြံ့ဖွံ့အစိုးရတပ်က လက်နက်ကြီးများ ပစ်ခတ်၍ ဒေသခံများကို စိတ်ဓာတ်စစ်ဆင်ရေးအရ တပ်လှန့်ခြိမ်းခြောက်နေကြောင်း ဒေသခံသျှမ်းလူမျိုးများက ပြောသည်။ (DVB 310711) Read More...
- ရှမ်းပြည်တိုးတက်ရေးပါတီ (SSA/SSPP) အခြေစိုက်ရာ ဖမ့်ဟိုင်းဒေသမှ မြန်မာအစိုးရတပ်များ ဆုတ်ခွာသွားသော်လည်း နယ်မြေအေးချမ်းမည့်အသွင် မဆောင်သေးကြောင်း SSPP ပြောရေးဆိုခွင့်ရှိသူ ဗိုလ်မှူးစိုင်းလက ပြောသည်။ (VOA 310711) Read More...
- မြန်မာအစိုးရတပ်များသည် ရှမ်းပြည်တိုးတက်ရေးပါတီ ဖမ့်ဟိုင်းဌာနချုပ် ဒေသမှ ယခုရက်ပိုင်းအတွင်း ဒုတိယအကြိမ် ပြန်ရုပ်သိမ်းသွားကြောင်း ရှမ်းပြည်တိုးတက်ရေးပါတီ ခေါင်းဆောင်များက ပြောသည်။ (VOA 030811) Read More..., S.H.A.N...
- ဩဂုတ်လ ၁၂ ရက်နေ့၊ ကရင်အမျိုးသားအာဇာနည်နေ့တွင် နယ်စပ်ဒေသရှိ တပ်စခန်းများအား ကေအဲန်ယူတပ်ဖွဲ့မှ အလစ်အငိုက်ဝင်ရောက်တိုက်ခိုက်လာနိုင်သဖြင့် သတိထားကြရန် ကမ်းရိုးတန်းတိုင်းစစ်ဌာနချုပ်(ကရခ)က ယခုလ ၂ရက်နေ့တွင် ညွှန်ကြားလိုက်သည်ဟု ထိုဒေသရှိ စစ်တပ်နှင့်နီးစပ်သူတစ်ဦးက ပြောသည်။ (KIC 040811) Read More…
- သျှမ်းပြည်တိုးတက်ရေးပါတီ SSPP ဌာနချုပ် ဝမ့်ဟိုင်းအား ကြံ့ဖွံ့အစိုးရ တပ်မှ တပ်ရင်း ၁၄ ရင်းဖြင့် ဝိုင်းထားရာမှ အင်းအား ၄-၅ ရင်းသာချန်ထားကာ ထက်ဝက်ကျော် တပ်ဆုတ်ထားသော်လည်း ဩဂုတ်လ ၄ ရက်နေ့က ဆန်အိတ်ရာချီထပ်ပို့ထားကြောင်း ဒေသခံတစ်ဦးက ပြောသည်။ (S.H.A.N 050811) Read More…

- မြစ်ကြီးနားမြို့မှ ကချင်ပြည်လွတ်မြောက်ရေးအဖွဲ့ KIO ဌာနချုပ် အခြေစိုက်ရာ လိုင်ဇာမြို့သို့ သွားသည့် ကားလမ်းပေါ်ရှိ ကဇူးရွာ အခြေစိုက် စစ်အစိုးရတပ်တွင် တပ်အင်အားနှင့် ရိက္ခာဖြည့်တင်းမှုများရှိသည်ဟု ဒေသခံများက ပြောသည်။ (KNG 040811) Read More...
- ကရင်ပြည်နယ် ကော့ကရိတ်၊ မြဝတီ၊ ဘုရားသုံးဆူ မြို့နယ်များနှင့် မြိုင်ကြီးငူ ဒေသရှိ တိုးတက်သော ဗုဒ္ဓဘာသာ ကရင်အမျိုးသား တပ်မတော် DKBA ခွဲထွက်အဖွဲ့များကို ကြံ့ဖွံ့အစိုးရတပ်နှင့် ကရင်နယ်ခြားစောင့်တပ်များကပူးပေါင်း၍ တိုက်ခိုက်ရန်ပြင်ဆင်နေကြောင်း အာဏာပိုင်များနှင့် နီးစပ်သူတစ်ဦးက ပြောသည်။ (BBC 050811) Read More...

## (ခ) လူ့အခွင့်အရေးချိုးဖေါက်မှုများ

- ကချင်ပြည်နယ် ဖားကန့်မြို့သို့ သွားရာကားလမ်းပေါ်ရှိ ကာမိုင်းမြို့နယ်အတွင်းမှ ကထန်ယန် ကျေးရွာသား အသက် ၁၇ နှစ်ကျော် အရွယ် မရစ်ပ်တန်သည် အစိုးရ ခလရ ၅၂ တပ်ဖွဲ့များက ဩဂုတ် ၁ ရက်နေ့တွင် ပစ်သတ်ခြင်းခံလိုက်ရသည့်အပြင် ကချင်လွတ်မြောက်ရေးအဖွဲ့ ဆက်သွယ်ရေးစက်ကိုင် ကိုဆိုင်းဒူ ဆိုသူကိုလည်း ဖမ်းဆီးထားသည်ဟု ဒေသခံတစ်ဦးက ပြောသည်။ (Mizzima 010811) Read More...
- ကချင်ပြည်နယ် အနောက်ဘက် ကားမိုင်းမြို့ ကထန်ယန်ကျေးရွာ ဆက်သွယ်ရေး မျှော်စင်အောက်၌ ဩဂုတ် ၁ ရက်နေ့တွင် မြန်မာစစ်တပ်က ပေါ်တာအတွက် ၎င်းရွာမှ လူရွယ် ၄၀ ရွေးထုတ်ပေးရန် ကျေးရွာလူကြီးများအား အတင်းအဓမ္မ အမိန့်ပေးပြီး ထုတ်မပေးပါက ရွာကိုဖျက်ဆီး မီးရှို့သွားမည့်အပြင် ရွာသားများကိုလည်း နှိပ်စက်မည်ဟု မြန်မာစစ်တပ်က ခြိမ်းခြောက်နေကြောင်း ဒေသခံများက ပြော သည်။ (KNG 010811) Read More...
- ကချင်ပြည်နယ် အနောက်ဘက် ကားမိုင်းမြို့၊ ကထန်ယန်(Kahtan yang) ရွာသားကချင်လူမျိုး အသက် (၃၀) အရွယ် ဖုတ်ဂျောင်ဆိုင်းဒူ (Hpuk Jawng Seng Du) သည် မြန်မာစစ်တပ် မြောက်ပိုင်း တိုင်းစစ်ဌာချုပ် (မပခ) အောက် ပိုင်းမော်နယ်မြေခံ ခလရ (၅၈)နှင့် အရှေ့တောင်တိုင်း စစ်ဌာနချုပ် (ရတခ) အောက် လိုင်းဘွဲ့နယ်မြေခံ ခလရ (၃၃၈) တို့က ဇူလိုင် ၃၁ ရက်နေ့တွင် လူမဆန်စွာ ရက်ရက်စက်စက် သတ်ဖြတ်ခဲ့သည်ဟု ရွာသားများကပြောသည်။ (KNG 010811) Read More...
- ရန်ကုန်တိုင်း၊ လှိုင်သာယာမြို့နယ် ရွှေလင်ဗန်း ရပ်ကွက်တွင် နေထိုင်သူ ကလေးစစ်သား မောင်အောင်အောင် အသက် ၁၆ နှစ် ကို မိခင်ဖြစ်သူက သက်ဆိုင်ရာတပ်ရင်း တာဝန်ရှိသူများထံ သွားရောက်တောင်းခံရာတွင် ၎င်း၏သားအကြောင်း ILO ကို တိုင်ကြားခဲ့မှုအတွက် မိဘများကို ဖမ်းဆီး ထောင်ချနိုင်ကြောင်း၊ သားဖြစ်သူကိုလည်း သတ်ဖြတ် ပစ်မည်ဖြစ်ကြောင်း၊ ခြိမ်းခြောက် ပြောဆိုခဲ့ကြောင်း မိသားစုနှင့် နီးစပ်သူတစ်ဦးက ပြောသည်။ (RFA 020811) Read More...
- ရှမ်းပြည်နယ်တောင်ပိုင်း ကျေးသီးမြို့နယ်အတွင်းရှိ ကျေးရွာအနီးတွင် တိုက်ပွဲဖြစ်ပါက ၎င်းရွာများကို မီးရှို့ဖျက်ဆီးမည်ဖြစ်ကြောင်း ကြံ့ဖွံ့အစိုးရတပ်က ရွာသူကြီးများကို ခေါ်ယူပြောဆိုခြိမ်းခြောက်ခဲ့ကြောင်း ဒေသခံတစ်ဦးက ပြောသည်။ (DVB 040811) Read More...
- ဇူလိုင်လ ၃၁ ရက်နေ့က ကချင်ပြည်နယ်၊ ဗိုင်းမော်မြို့နယ်၊ ဝါးရှောင်ကျေးရွာမှ တောင်ယာလုပ်နေသော ရွာသား ၂ ဦးကို မြောက်ပိုင်းတိုင်း စစ်ဌာနချုပ်လက်အောက်ခံ ခလရ ၂၁ က အပြစ်မဲ့ ပစ်သတ်ခဲ့ကြောင်း ဒေသခံတစ်ဦးက ပြောသည်။ (DVB 040811) Read More...

## (ဂ) နယ်ခြားစောင့်တပ်ဖွဲ့များ၊ ပြည်သူ့စစ်တပ်ဖွဲ့များ

- စစ်ရေးမွမ်းမံ သင်တန်းဆင်း ကရင်နီလူမျိုးပေါင်းစုံ ပြည်သူ့လွတ်မြောက်ရေးတပ်ဦး (ကလလတ) တပ်ဖွဲ့ဝင်များသည် အစိုးရတပ်မှ ၎င်းတို့အား လတ်တလော တိုက်ပွဲများ ဖြစ်ပွားနေရာ ရှမ်းပြည်တပ်မတော် (SSA) ထိန်းချုပ်သည့် နယ်မြေသို့ ပို့ဆောင်မည်ကို စိုးရိမ်နေကြသည်။ (KT 020811) Read More...

## အခြားနိုင်ငံရေးပါတီများ

- လာမည့် ဩဂုတ်လ ၂၂ ရက်နေ့တွင်ပြန်လည်ပြုလုပ်မည့် လွှတ်တော်အစည်းအဝေးတွင် ခေတ်နှင့် မလျော်ညီသော ဥပဒေများ ကို ပြင်ဆင်ရန် အဆိုတင်သွင်းမည်ဟု ဒီမိုကရေစီ မိတ်ဆွေများ ပါတီ ၁၀ ခုက ဆုံးဖြတ်လိုက်ရာ ဒါဇင်ပေါင်းများစွာသော ဥပဒေများ ပြင်ဆင်ရန် အဆိုတင်သွင်းဖွယ်ရှိသည်ဟု မိတ်ဆွေများပါတီတွင် ပါဝင်သည့် ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ ဘဏ္ဍာရေးမှူး ဦးစောသန်းမြင့်က ပြောသည်။ (Mizzima 010811) Read More...

- မြန်မာအစိုးရ အနေဖြင့် နယ်စပ်တိုင်းရင်းသား ဒေသများတွင် ဖြစ်ပွားနေသည့် စစ်ပွဲများကို အမြန်ရပ်ပြီး အပစ်အခတ် ရပ်စဲရေး ကြေညာပေးရန် ရွေးကောက်ပွဲ ဝင်ခဲ့ကြသည့် ကရင်၊ ချင်း၊ မွန်၊ ရခိုင်၊ ရှမ်း တိုင်းရင်းသား မဟာမိတ် ၅ ပါတီက ဩဂုတ် ၃ ရက်နေ့က ကြေညာချက်တစ်စောင် ထုတ်ပြန်လိုက်သည်။ (RFA 030811) Read More...
- အမျိုးသား ဒီမိုကရေစီ အင်အားစု NDF ပါတီက နိုင်ငံရေး၊ စီးပွားရေး၊ သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေးများနှင့်ပတ်သက်သော သင်တန်းတစ်ရပ်ကို ဩဂုတ်လ ၁ ရက်နေ့ မှ ၅ ရက်နေ့အထိ ရန်ကုန်မြို့ ပါတီဌာနချုပ်ရုံးတွင် ပြုလုပ်နေသည်။ (RFA 030811) Read More..., DVB...
- ဩဂုတ်လ ၂၂ ရက်နေ့၌ ဒုတိယ အကြိမ် ခေါ်ယူမည့် လွှတ်တော်တွင် နိုင်ငံရေး အကျဉ်းသားများ လွှတ်ပေးရေး၊ ပဋိပက္ခဖြစ်နေသည့် တိုင်းရင်းသားဒေသများ ငြိမ်းချမ်းရေးတို့နှင့် ပတ်သက်ပြီး တင်ပြဆွေးနွေးသွားမည်ဟု လွှတ်တော်ကိုယ်စားလှယ်များက ပြောသည်။ (Irrawaddy 030811) Read More...
- ဩဂုတ်လ (၂၂) ရက်နေ့တွင် ကျင်းပမည့် ဒုတိယအကြိမ် ပြည်ထောင်စု လွှတ်တော် အစည်းအဝေးတွင် ကချင်ပြည်နယ် ငြိမ်းချမ်းရေး ကိစ္စရပ်ကို ဦးစားပေး တင်ပြသွားမည်ဟု စည်းလုံးညီညွတ်ရေးနှင့် ဒီမိုကရေစီပါတီ (ကချင်ပြည်နယ်) (UDPKS) မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါ်ဒွဲဘူက ပြောသည်။ (Mizzima 030811) Read More...
- လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည် အနေဖြင့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေကို မဏ္ဍိုင်ပြုသည့် နိုင်ငံရေး လမ်းကြောင်းပေါ်မှ ဆောင်ရွက်စေလိုကြောင်း ၂၀၁၀ ရွေးကောက်ပွဲဝင် တိုင်းရင်းသား စည်းလုံး ညီညွတ်ရေးပါတီ - (တစည) က တိုက်တွန်းလိုက်သည်။ (Mizzima 030811) Read More...
- ဩဂုတ် လ၂၂ ရက်နေ့တွင် ကျင်းပမည့် ဒုတိယအကြိမ် ပြည်ထောင်စု လွှတ်တော် အစည်းအဝေးတွင် ကချင်ပြည်နယ် ငြိမ်းချမ်းရေး ကိစ္စရပ်ကို ဦးစားပေး တင်ပြသွားမည်ဟု ကချင်ပြည်နယ် ပြည်သူ့ လွှတ်တော် ကိုယ်စားလှယ်များက ပြောသည်ဟု စည်းလုံးညီညွတ်ရေးနှင့် ဒီမိုကရေစီပါတီ (ကချင် ပြည်နယ်) (UDPKS) မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါ်ဒွဲဘူက ပြောသည်။ (Mizzima 040811) Read More...
- အမျိုးသား ဒီမိုကရေစီ အင်အားစု NDF ပါတီ၊ တောင်ဒဂုံမြို့နယ်မှ ပါတီဝင် ၄၅ ဦးက ပါတီဝင်အဖြစ်မှနုတ်ထွက်ကြောင်း NDF ရုံးချုပ်သို့ ဇူလိုင်လ ၃၀ ရက်နေ့တွင် အကြောင်းကြားစာပေးပို့ခဲ့သည်ဟု တောင်ဒဂုံ စည်းရုံးရေးမှူးဟောင်း ဦးရွှေဝင်းက ပြောသည်။ (Mizzima 050811) Read More...
- သျှမ်းပြည်အလယ်ပိုင်း လေးငါးမြို့နယ်အတွင်း၌ မြန်မာအစိုးရတပ်များ၏ ထိုးစစ်ဆင်တိုက်ခိုက်မှုများကြောင့် ဒေသခံလူထုမှာ လူ့အခွင့်အရေး အမျိုးမျိုး ချိုးဖေါက်ခံရသည့်အပြင် နစ်ဘက်စလုံးသေကြေဒဏ်ရာရကြခြင်းသည် အကျိုးမရှိသောကြောင့် ထိုးစစ်ဆင်တိုက်ခိုက်မှု ရပ်တန့်ရန် သျှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ SNDP က နိုင်ငံတော် သမ္မတထံ စာတင်လိုက် ကြောင်း လဲချား (လိုင်းခ) ပြည်သူ့လွှတ်တော်အမတ် စိုင်းမောင်တင်က ပြောသည်။ (S.H.A.N 050811) Read More...

## အတိုက်အခံအင်အားစုများ (ပြည်တွင်း)

### (က) ဒေါ်အောင်ဆန်းစုကြည်နှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်

- မြန်မာ့ ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်သည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင်များ၊ ဗဟိုဦးစီးအဖွဲ့ဝင်များနှင့် ဩဂုတ် ၁ ရက်နေ့က NLD ပါတီ၏ ဆောင်ရွက်ချက်များအပေါ် ပြန်လည်သုံးသပ်ဆွေးနွေးခဲ့ကြကြောင်း NLD ပြန်ကြားရေးတာဝန်ခံ ဦးအုန်းကြိုင်က ပြောသည်။ (RFA 010811) Read More...
- မြန်မာနိုင်ငံတွင် ဒီမိုကရေစီ အပြောင်းအလဲ ဖြစ်လာရန် ဂျပန်အစိုးရက ယခုထက်ပို၍ လုပ်ဆောင်သင့်ကြောင်း မြန်မာ့ဒီမိုကရေစီ ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်က တိုက်တွန်းလိုက်သည်။ (RFA 040811) Read More...
- အာဏာပိုင်များက ဒေါ်အောင်ဆန်းစုကြည်ကို NLD ပါတီမှ သီးခြားခွဲထုတ်နေသည်ဟု ထွက်ပေါ်နေသည့် သတင်းများနှင့်ပတ်သက်၍ မဟုတ်မှန်ကြောင်း ဒေါ်အောင်ဆန်းစုကြည်က ဩဂုတ် ၅ ရက်နေ့က ကျင်းပသော ပြည်သူ့လွှတ်တော် ကိုယ်စားပြု ကော်မတီ CRPP အစည်းအဝေးတွင် ပြောဆိုလိုက်ကြောင်း NLD ပါတီ ပြန်ကြားရေး တာဝန်ခံ ဦးအုန်းကြိုင်က ပြောသည်။ (RFA 050811)

(ခ) အခြားတက်ကြွလှုပ်ရှားသူအင်အားစုများ

- တပြည်လုံး အပစ်ခတ်ရပ်စဲရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေး အကောင်အထည် ပေါ်လာရန် လက်ရှိ သမ္မတဦးသိန်းစိန်တွင်သာ အဓိကတာဝန်ရှိသည်ဟု မွန်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် MNDF ဒု-ဥက္ကဌ နိုင်ငွေသိမ်းက ဩဂုတ် ၂ ရက်နေ့တွင် ပြောဆိုလိုက်သည်။ (IMNA 020811) Read More...
- ဩဂုတ်လ ၆ ရက်နေ့တွင် စာရေးဆရာမ ဒေါ်သန်းမြင့်အောင် ဦးစီးပါဝင် ဖွင့်လှစ်ထားသည့် ရန်ကုန်တိုင်း မြောက်ဒဂုံမြို့နယ်မှ ဆည်းဆာရိပ် ဘိုးဘွားရိပ်သာ ရန်ပုံငွေအတွက် စင်တင်ဂီတ ဖျော်ဖြေပွဲ၌ နိုင်ငံရေးအကျဉ်းသားဟောင်း နာမည်ကြီး Hip Hop အဆိုတော် ကိုဇေယျာသော် ပါဝင်သီဆိုမည့်အစီအစဉ်ကို ဒေသခံ ရဲအာဏာပိုင်များက ပိတ်ပင်ခဲ့ကြောင်း ကိုဇေယျာသော်က ပြောသည်။ (RFA 030811) Read More...
- ထောင်ဒဏ် ၈ နှစ် ကျခံနေရသော နိုင်ငံရေး အကျဉ်းသား ကိုလှမြင့်သန်းသည် မျက်စိ ခွဲစိတ် ကုသမှုခံယူရန် လိုအပ်နေသဖြင့် အမြန်ဆုံး ပြန်လွတ်ပေးသင့်သည်ဟု မိသားစုဝင်များအနေဖြင့် တောင်းဆိုကြောင်း မိသားစုဝင်တစ်ဦးက ပြောသည်။ (Irrawaddy 030811) Read More...
- မြန်မာနိုင်ငံ အကျဉ်းထောင်များတွင် နှစ်ရှည်ထောင်ဒဏ် ကျခံနေကြရသော ၈၈ မျိုးဆက်ကျောင်းသား ခေါင်းဆောင်များက ဒေါ်အောင်ဆန်းစုကြည်နှင့် ဦးအောင်ကြည်တို့ မကြာခင်က တွေ့ဆုံခဲ့ကြသည်ကို ကြိုဆိုလိုက်ကြောင်း ၎င်းတို့အကျဉ်းကျနေသည့် အကျဉ်းထောင်များ နှင့်နီးစပ်သူတစ်ဦး က ပြောသည်။ (Irrawaddy 040811) Read More...
- လာမည့် ဩဂုတ် (၈) ရက်နေ့တွင် ၈၈ မျိုးဆက် ကျောင်းသားများ ကျင်းပမည့် ဂါဆိုသက်နီး ကပ်လှူပွဲ အခမ်းအနားသို့ နိုင်ငံရေး ပါတီများ၊ လူမှုရေး အဖွဲ့အစည်းများနှင့် နိုင်ငံခြား သံရုံးများကို ဖိတ်ကြားထားကြောင်း နိုင်ငံရေးအကျဉ်းသား ကျောင်းသူဟောင်း တစ်ဦးဖြစ်သူ မဇင်မာအောင်က ပြောသည်။ (RFA 040811) Read More...
- လာမည့် ဩဂုတ် (၈) ရက်နေ့တွင် ကျရောက်မည့် ရှစ်လေးလုံး မြန်မာ့ဒီမိုကရေစီအရေး လှုပ်ရှားမှု ၂၃ နှစ်ပြည့် အခမ်းအနား၌ ပြည်သူလူထု တရပ်လုံး ပါဝင်ပူးပေါင်းဆောင်ရွက်ကြပါရန် အခမ်းအနား ဖြစ်မြောက်ရေး ဆောင်ရွက်နေကြသည့် ဒီမိုကရေစီလိုလားသူများက တိုက်တွန်းလိုက်သည်။ (DVB 040811) Read More...
- တိုက်ပွဲ ဖြစ်ပွားနေသည့် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများနှင့် မြန်မာအစိုးရအကြား အပစ်အခတ် ရပ်စဲပြီး ငြိမ်းချမ်းရေး ဆွေးနွေးညှိနိုင်းရန် ၈၈ ကျောင်းသားများက ဩဂုတ် ၅ ရက်နေ့က တိုက်တွန်းလိုက်ကြောင်း ၈၈ ကျောင်းသားခေါင်းဆောင် ကိုစိုးထွန်းက ပြောသည်။ (Mizzima 050811) Read More...

## ပြည်သူနှင့်လူထုအခြေပြုအဖွဲ့အစည်းများ

(က) ကျောင်းသားများ

- ရခိုင်ပြည်နယ် စစ်တွေမြို့ စစ်တွေတက္ကသိုလ်မှ ရာနှင့်ချီသောကျောင်းသားများသည် ကျောင်းဖယ်ရီခ ဈေးမြင့်တက်သည့်ကိစ္စကြောင့် ဩဂုတ် ၃ ရက်နေ့က မြို့တွင်းသို့ ချီတက်ဆန္ဒပြခဲ့ရာ ဩဂုတ် ၄ ရက်နေ့တွင် ပြည်နယ်အစိုးရတာဝန်ရှိသူများက ကျောင်းသားများနှင့် တွေ့ဆုံဖြေရှင်းခဲ့သဖြင့် ထပ်မံဆန္ဒပြမှုမရှိတော့ကြောင်း စစ်တွေမြို့ခံများက ပြောသည်။ (DVB 040811) Read More...

(ခ) မီဒီယာ

- မြန်မာပြည်တွင် သတင်းသမားများကို အပြစ်ပေးနိုင်သည့် ပုဒ်မများ၊ စည်းမျဉ်းများ ရှိနေသကဲ့သို့ စာနယ်ဇင်းသမားများကို ကာကွယ်သည့် ဥပဒေတစ်ရပ်လည်း လွှတ်တော်က ပြဋ္ဌာန်းပေးရန် လိုအပ်ကြောင်း ဂါရင့်သတင်းစာ ဆရာကြီး မောင်ဂံသက ပြောသည်။ (DVB 010811) Read More...

## တိုင်းရင်းသားလက်နက်ကိုင်အင်အားစုများ

- ကရင်ပြည်နယ်အတွင်း အစိုးရတပ်များကို တိုက်ပွဲအရှိန်မြှင့်တင်ရန်အတွက် နယ်ခြားစောင့်တပ် အသွင်ပြောင်းရေးကို လက်မခံဘဲ အစိုးရကို တော်လှန်တိုက်ခိုက်နေသည့် တိုးတက်သော ဗုဒ္ဓဘာသာကရင်အမျိုးသားတပ်မတော် (DKBA) တပ်မှူးများ ဆွေးနွေးပွဲတစ်ရပ် ပြုလုပ်ခဲ့ကြောင်း DKBA တပ်မှူး ဗိုလ်မှူးစန်းအောင်က ပြောသည်။ (DVB 010811) Read More...
- ကချင် လွတ်မြောက်ရေးအဖွဲ့နှင့် အစိုးရဘက်မှ စေလွှတ်လိုက်သော ကိုယ်စားလှယ် အဖွဲ့တို့ အပစ် ခတ် ရပ်စဲရေးနှင့် ပတ်သက်ပြီး ဩဂုတ်လ ၁ ရက်နေ့က ကချင်ပြည်နယ် ဒေါ့ဖုန်းယန်မြို့နယ်ခွဲတွင်းရှိ KIO ထိန်းချုပ်ရာ လဂျားယန်တွင် နှစ်နာရီခွဲခန့်ကြာ ဆွေးနွေးခဲ့ကြသော်လည်း ပြည်နယ် အဆင့်သာ ငြိမ်းချမ်းရေးလုပ်မည် ဆိုသည့်အတွက် အပစ်ခတ်ရပ်ရေး သဘောတူလက်မှတ်ရေးထိုးရေးသည် မရေမရာပင် ဖြစ်နေကြောင်း KIO တွဲဘက်အတွင်းရေးမှူး ဦးလနန်က ပြောသည်။ (Mizzima 010811) Read More..., Irrawaddy..., KNG...
- ထားဝယ်ရေနက်ဆိပ်ကမ်း စီမံကိန်း၏ အစိတ်အပိုင်းတစ်ခုဖြစ်သည့် ထားဝယ်- ကန်ချနပူရီ အဝေး ပြေးလမ်း စီမံကိန်းနယ်မြေတွင် လိုအပ်ပါက စစ်ရေးလှုပ်ရှားမှုများ ဆက်လက်လုပ်ဆောင်သွားမည်ဟု ကရင်အမျိုးသား အစည်းအရုံး KNU ဘိတ်-ထားဝယ်ခရိုင် ဥက္ကဌ ပဒိုစော ကွယ်ထူးဝင်းက ပြောသည်။ (KIC 010811) Read More..., IMNA
- တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် အပစ်ခတ်ရပ်စဲရေး ပြုလုပ်ရန် ကချင်လွတ်မြောက်ရေးအဖွဲ့-KIO ၏ တောင်းဆိုမှုကို အစိုးရဘက်မှ လိုက်လျောလိမ့်မည်မဟုတ်၊ အကယ်၍ ကချင်နှင့်သာ အပစ်အခတ်ရပ်ရေး သဘောတူညီမှုရလျှင် ကရင်၊ ကရင်နီ၊ ရှမ်း စသည့် တိုင်းရင်းသား လက်နက်ကိုင်များကို ဖိတိုက်သွားမည် ဖြစ်သည်ဟု ညီညွတ်သော တိုင်းရင်းသားလူမျိုးများ ဖက်ဒရယ်ကောင်စီ-UNFC အထွေထွေ အတွင်းရေးမှူး နိုင်ဟံသာက ပြောဆိုလိုက်သည်။ (KIC 020811) Read More..., DVB...
- ကချင်လွတ်မြောက်ရေးအဖွဲ့ KIO နှင့် အစိုးရအကြား အပစ်အခတ်ရပ်စဲရေးအတွက် ဆွေးနွေးနေကြသည့်ကာလအတွင်း ကချင်ဒေသ မိုးမောက်မြို့နယ် ဆန်ဂန်ရွာအနီးတွင် ဩဂုတ် (၂) ရက်နေ့က KIA ၏ မိုင်းခွဲတိုက်ခိုက်မှုကြောင့် ရဲတပ်ဖွဲ့ ဝင် များအပါအဝင် လူ (၈) ဦးသေဆုံးခဲ့သည်။ (BBC 030811) Read More..., KNG...
- ကရင်နီပြည်နယ် မော်ချီးမြို့နယ်တွင် အစိုးရ စစ်ကြောင်း တစ်ခုအား ကရင်နီတပ်မတော်က ဝင်ရောက်ပစ်ခတ်ရာ အစိုးရ တပ်သား တစ်ဦး ဒဏ်ရာရပြီး တစ်ဦး ကျဆုံးသည်ဟု ကရင်နီတပ်မတော်က ပြောသည်။ (KT 030811) Read More...
- မကြာသေးမီက မြန်မာ့ ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည် ထုတ်ပြန်လိုက်သော အပစ်ခတ်ရပ်စဲရေး၊ ငြိမ်းချမ်းရေးနှင့် ပတ်သက်သည့် အိတ်ဖွင့်ပေးစာတွင် လိပ်မူရာ၌ တိုင်းရင်းသားအဖွဲ့အစည်းများကို မထည့်သွင်းသင့်ပဲ အာဏာရ အစိုးရကိုသာ အဓိကထား ဦးတည်ရေးသားသင့်သည်ဟု ကရင်နီအမျိုးသား တိုးတက်ရေးပါတီ KNPP ကပြောသည်။ (KT 030811) Read More...
- ဌာနေပြည်သူ့စစ် အသွင်ပြောင်းရန် ငြင်းဆန်ခဲ့သည့် ရှမ်းပြည်တိုးတက်ရေးပါတီ ရှမ်းပြည်တပ်မတော်ကို အစိုးရတပ်က ထိုစစ်ဆင်တိုက်ခိုက်လျှက်ရှိရာ ဇူလိုင်လအတွင်း တိုက်ပွဲပေါင်း ၃၀ ကျော် ဖြစ်ပွားခဲ့ကြောင်း ရှမ်းပြည်တိုးတက်ရေးပါတီ ပြောခွင့်ရ ဗိုလ်မှူးကြီးစိုင်းလက ပြောသည်။ (DVB 030811) Read More...
- ကချင်ပြည်နယ် အနောက်ဘက် ကားမိုင်းမှ မိုးကောင်းသို့ ပြန်လာသောမြန်မာစစ်တပ်အား ကချင်လွတ်မြောက်ရေးတပ်ဖွဲ့ (KIA) က ဩဂုတ် ၄ ရက်နေ့တွင် ပစ်ခတ်တိုက်ခိုက်ရာ မြန်မာစစ်ဗိုလ် ၁ ဦးနှင့် တပ်သား ၁ ဦး သေဆုံးခဲ့သည်ဟု KIA အရာရှိများ က ပြောသည်။ (KNG 050811) Read More...
- ကချင်ပြည်လွတ်မြောက်ရေးအဖွဲ့ (KIO) နှင့် အစိုးရကိုယ်စားလှယ်များ တွေ့ဆုံဆွေးနွေးမှုသည် အစိုးရ၏ နည်းပရိယာယ် တစ်ခုသာဖြစ်သည်ဟု ညီညွတ်သော တိုင်းရင်းသားလူမျိုးများ ဖက်ဒရယ် ကောင်စီ-UNFC အထွေထွေအတွင်းရေးမှူး နိုင်ဟံသာက ပြောသည်။ (NMG 040811) Read More...
- လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်က ပြည်တွင်းငြိမ်းချမ်းရေးအတွက် ဆွေးနွေးအဖြေရှာရန် ပန်ကြားချက်အပေါ် မြန်မာအစိုးရကို လက်နက်စွဲကိုင် ဆန့်ကျင်တိုက်ခိုက်နေကြသော ညီညွတ်သော တိုင်းရင်းသား လူမျိုးများ ဖယ်ဒရယ်ကောင်စီ (UNFC) က သဘောတူထောက်ခံကြောင်းအကြောင်းပြန်စာကို ဩဂုတ်လ ၅ ရက်နေ့တွင် ထုတ်ပြန်ကြေညာလိုက်ကြောင်း UNFC အထွေထွေ အတွင်းရေးမှူး နိုင်ဟံသာက ပြောသည်။ (VOA 050811) Read More..., BBC..., RFA...
- ရှမ်းပြည်တပ်မတော် SSA မြောက်ပိုင်း ဝမ့်ဟိုင်းဌာနချုပ်ကို ဝိုင်းထားသော မြန်မာအစိုးရတပ်များသည် ဩဂုတ်လ ၃ ရက်မှ ၅ ရက်နေ့အထိ ဆန်ရိက္ခာများ သယ်ယူနေချိန်တွင် SSA မြောက်ပိုင်းတပ်ဖွဲ့မှ ချုံခိုတိုက်ခိုက်ခဲ့ကြောင်း SSA မြောက်ပိုင်း ပြောခွင့်ရသူ ဗိုလ်မှူးစိုင်းလက ပြောသည်။ (RFA 060811) Read More...

### အတိုက်အခံအင်အားစုများ (ပြည်ပ)

- မြန်မာနိုင်ငံ ပြည်တွင်းငြိမ်းချမ်းရေးအတွက် ဖိအားပေးသည့်အနေဖြင့် မြန်မာအစိုးရကို စစ်လက်နက် ပစ္စည်းတင်ပို့ရောင်းချမှု ပိတ်ပင်ရန် ထိုင်း-မြန်မာ နယ်စပ် အခြေစိုက် ပြည်ထောင်စု မြန်မာနိုင်ငံ အမျိုးသားကောင်စီ NCUB က ကုလသမဂ္ဂကို တောင်းဆိုလိုက်သည်။ (RFA 020811) Read More...
- တိုင်းရင်းသားဒေသများအတွင်း ဖြစ်ပွားနေသည့် ပြည်တွင်းစစ် ရပ်စဲရေးနှင့် ပြည်ထောင်စုကြီး၏ အနာဂတ် အာမခံနိုင်မည့် စစ်မှန်သော တိုင်းရင်းသားစည်းလုံးညီညွတ်မှု ရရှိရေးအတွက် ဒေါ်အောင်ဆန်းစုကြည်အနေဖြင့် တဖက်တလမ်းမှ စွမ်းဆောင်နိုင်မည်ဟု (ENC) အနေဖြင့် ယုံကြည်ကြောင်း ဩဂုတ် ၁ ရက်နေ့က ကြေညာချက်ထုတ်ပြန်ပြောဆိုလိုက်သည်။ (KIC 020811) Read More..., Mizzima...
- ၈၈ လူထုအရေးတော်ပုံ ၂၃ နှစ်ပြည့် အခမ်းအနားတစ်ရပ်ကို ဩစတြေးလျ နိုင်ငံ ဆစ်ဒနီမြို့တွင် မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး ABSDF ဩစတြေးလျ ဌာနခွဲနှင့် မြန်မာ့အရေး လှုပ်ရှားသူများ ပူးပေါင်း၍ ဩဂုတ် (၆) ရက်နေ့ ညနေပိုင်းက ပြုလုပ်ခဲ့ကြောင်း ဦးဆောင်ပါဝင်သူတစ်ဦးဖြစ်သည့် ဒေါက်တာမြင့်ချိုက ပြောသည်။ (RFA 060811) Read More...

### နိုင်ငံတကာ

#### (က) အစိုးရ

- သမ္မတ အိုဘားမားက မြန်မာနိုင်ငံဆိုင်ရာ အထူးသံ ကိုယ်စားလှယ်အဖြစ် Mr Derek Mitchell ကို အဆိုပြုထားခြင်းကို အမေရိကန် ပြည်ထောင်စု အထက်လွှတ်တော်က ဩဂုတ် ၂ ရက်နေ့တွင် တညီတညွတ်တည်း အတည်ပြုခဲ့ကြသည်။ (RFA 040811) Read More..., VOA...

#### (ခ) အစိုးရမဟုတ်သော အဖွဲ့အစည်းများ

- မြန်မာ အစိုးရအနေဖြင့် စစ်ရာဇဝတ်မှု ကျူးလွန်မှုများ၊ လူသားအချင်းချင်းအပေါ် ရက်ရက်စက်စက် ပြုမူမှုများကို စုံစမ်းစစ်ဆေးရေး ကုလသမဂ္ဂအဖွဲ့တစ်ခု ပေါ်ပေါက်ရေးအတွက် ဗြိတိန်အစိုးရက ရှေ့တန်းမှ ပါဝင်ဆောင်ရွက်ရန် ဗြိတိန်အလုပ်သမား သမဂ္ဂများ အဖွဲ့ချုပ် TUC က တောင်းဆိုလိုက်သည်။ (BBC 030811) Read More...
- မြန်မာနိုင်ငံအတွင်း လူ့အခွင့်အရေး ချိုးဖေါက်မှု၊ စစ်ရာဇဝတ်မှု ကျူးလွန်မှုများနှင့်ပတ်သက်၍ ကုလသမဂ္ဂ စုံစမ်းရေးကော်မရှင်ဖွဲ့စည်း အရေးယူရေးကို နိုင်ငံအများအပြားနှင့်အလုပ်သမားသမဂ္ဂများက ထောက်ခံနေကြရာတွင် ဆွီဒင်နိုင်ငံ အလုပ်သမားသမဂ္ဂလည်း ကြိုဆိုထောက်ခံလိုက်သည်။ (BBC 040811) Read More...

---

***End of report/ Saturday, August 06, 2011***

**ဒီမိုကရေစီနှင့်ဖွံ့ဖြိုးတိုးတက်ရေးအင်အားစု၊ မှတ်တမ်းတင်နှင့်သုတေသနဌာနမှ ထုတ်ဝေဖြန့်ချိသည်။**

***Documentation and Research Department (NDD)***

---